Burmese

Government of **Western Australia**
Department of **Health**
**Public and Aboriginal Health Division**

# 7 တန်း ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ် – မိဘများအတွက် သတင်းအချက်အလက်များ

## ကာကွယ်ဆေးထိုးနှံခြင်းက အဘယ်ကြောင့် အရေးကြီးသလဲ။

ကာကွယ်ဆေးထိုးနှံခြင်းသည် အန္တရာယ်မြင့်မားသော အပြင်းဖျားနာခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့ကို ယူဆောင်လာသည့် ကူးစက်ရောဂါများမှ လူသားများကို ကာကွယ်ပေးသည်။ လူသားတို့အနေဖြင့် ပတ်ဝန်းကျင်ရှိ ရောဂါနှင့် ထပ်မံထိတွေ့မိလျှင် ကာကွယ်ဆေးများသည် လူသားတို့အား ကာကွယ်ပေးသော ကိုယ်ခံအား တုံ့ပြန်မှုကို စတင်ပေးသည်။

ဩစတြေးလျတွင် လက်ရှိရရှိနိုင်သော ကာကွယ်ဆေးအားလုံးသည် ထိုးနှံခြင်းမပြုမီ တင်းကြပ်ထားသော ဘေးကင်းလုံခြုံရေးစစ်ဆေးမှုများကို အောင်မြင်ရမည်ဖြစ်သည်။ ဘေးကင်းရန်နှင့်ထိရောက်မှုရှိရန် ကာကွယ်ဆေးများကို စဉ်ဆက်မပြတ်ကြည့်ရှုစစ်ဆေးမှုပြုလုပ်ပါသည်။ ဆေးဝါးများနှင့် ကာကွယ်ဆေးများ အားလုံးတွင် ဘေးထွက်ဆိုးကျိုးများ ရှိနိုင်ပါသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် ပြင်းထန်နိုင်သည်၊ ၎င်းတို့သည် အချိန်အများစုတွင် မပြင်းထန်ကြပါ။ ကာကွယ်ဆေး ဘေးကင်းမှုနှင့် ဖြစ်လေ့ဖြစ်ထရှိသော၊ ဖြစ်ခဲသော ဘေးထွက်ဆိုးကျိုးများအတွက်၊ အောက်ပါ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုပါ- healthywa.wa.gov/immunisation

## ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်

ဤအစီအစဉ်မှတစ်ဆင့် သင့်ကလေးကို အောက်ပါတို့မှကာကွယ်ပေးရန် ပုံမှန်လုပ်ငန်းစဉ်ဖြစ်ပြီး ထောက်ခံအကြံပြုထားသော ကာကွယ်ဆေးများကို အခမဲ့ပေးအပ်သည်-

- ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ပါတက်စစ် (ကြက်ညှာချောင်းဆိုး) – 1 ကြိမ် ထိုးဆေး
- ကြွက်နို့ရောဂါပိုး (HPV) – 1 ကြိမ် ထိုးဆေး

၎င်းရောဂါများအကြောင်းနှင့် ၎င်းတို့ကိုကာကွယ်ရန် အသုံးပြုသော ကာကွယ်ဆေးများအကြောင်း ဤတွင် ဖတ်ရှုနိုင်သည်-
healthywa.wa.gov.au/immunisation

## သင် လုပ်ရန်လိုသည့် အရာ

မိဘ/အုပ်ထိန်းသူ တစ်ဦးအဖြစ် သင်သည် အောက်ပါ ခွင့်ပြုချက်ကိုပေးရန် လိုအပ်သည်-

VaccinateWA VaccinateWA အွန်လိုင်းအားဖြင့်
(vaccinatewa.health.wa.gov.au)*

သို့မဟုတ်

ဝက်ဘ်ဆိုက်-
healthywa.wa.gov.au/schoolimmunisations
မှ ပုံစံကို စာရိုက်ထုတ် ဖြည့်စွက်ပြီး ကျောင်းသို့ ပြန်ပို့ပေးခြင်းအားဖြင့်

*Joondalup မြို့တော်တွင်းရှိ ကျောင်းများနှင့် Christmas ကျွန်းနှင့် Cocos ကျွန်းရှိ ကျောင်းများအတွက် ဤနည်းလမ်းကို မသုံးနိုင်ပါ။

**မိဘ/အုပ်ထိန်းသူက ‘Yes’ ဟု ခွင့်ပြုချက်ပေးသည့် ကျောင်းသားများကိုသာ ထိုနေ့တွင် ကာကွယ်ဆေး ထိုးပေးပါမည်။**

သင့်ကလေးသည် ထိုနေ့တွင် ကာကွယ်ဆေးထိုးနှံခြင်းကို လက်ခံမရရှိလျှင် သင့်ထံ အကြောင်းကြားမည်ဖြစ်ပြီး အခြားသော ကာကွယ်ဆေးထိုးနှံခြင်းရွေးချယ်စရာများကို ကမ်းလှမ်းပေးမည်ဖြစ်သည်။

## သင့်ကလေးကို ကာကွယ်ဆေးမထိုးပေးမီ

ဖျားနာမှုအဆင့်အနိမ့်ဖြစ်သည့် အအေးမိခြင်းကဲ့သို့သော အနည်းငယ် သာမန်နေမကောင်းဖြစ်ခြင်းကြောင့် ကာကွယ်ဆေးထိုးနှံခြင်းကို မရွှေ့ဆိုင်းသင့်ပါ။ သို့သော် အချို့ဖြစ်ရပ်များတွင် မူလရှိပြီးဖြစ်သော ဆေးပညာအခြေအနေများကြောင့် ကာကွယ်ဆေးထိုးနှံခြင်းကို ခဏရပ်နားရမည် သို့မဟုတ် ရွှေ့ဆိုင်းရမည်ဟု အကြံပြုပါသည်။ သင့်ကလေးတွင် အောက်ပါအခြေအနေများရှိလျှင် ကာကွယ်ဆေးထိုးနှံရေး သူနာပြု သို့မဟုတ် ကျောင်းထံ အသိပေးပါ-

- ပြီးခဲ့သော ကာကွယ်ဆေး တစ်ခုခု ထိုးနှံခြင်းအပြီးတွင်မဆို ပြင်းထန်သည့် ဓာတ်တုံ့ပြန်မှုရှိခဲ့လျှင်
- ကာကွယ်ဆေးထိုးနှံခြင်းကို ထောက်ခံအကြံပြုမထားသောနေရာတွင် ပြင်းထန်သော ဓာတ်မတည့်မှုမှတ်တမ်းရှိလျှင်
- ပြီးခဲ့သောလအတွင်း အာနိသင်ရှိသည့် ကာကွယ်ဆေးကို ထိုးယူခဲ့လျှင် ဥပမာ တီဘီရောဂါ၊ ဝက်သက်ရောဂါ၊ အသားဝါရောဂါ
- လွန်ခဲ့သော သုံးလအတွင်း ကိုယ်ခံစွမ်းအားဓာတ်တစ်မျိုး (immunoglobulin) ထိုးဆေးကို ထိုးယူခဲ့လျှင် သို့မဟုတ် သွေးသွင်းခဲ့လျှင်
- ကိုယ်ခံစွမ်းအားကို လျော့နည်းစေသော ရောဂါတစ်ခုရှိလျှင် (ဥပမာ- သွေးကင်ဆာ၊ ကင်ဆာ၊ HIV/AIDS) သို့မဟုတ် ကိုယ်ခံစွမ်းအားကို လျော့နည်းစေသော ကုသမှုကိုယူနေလျှင် (ဥပမာ- ဟိုက်ဒရိုကော်တီဆုန်း၊ အိုပရီနီစလုံး၊ ဓာတ်ကင်ကုသမှု၊ ကီမိုဆေးသွင်းကုသမှုကဲ့သို့
- စတီးရွိုက် ဆေးများ) ကိုယ်ခံစွမ်းအား လျော့နည်းစေသော ရောဂါရှိသူ သို့မဟုတ် ကိုယ်ခံစွမ်းအား လျော့နည်းစေသော ကုသမှုကိုယူနေသူ တစ်စုံတစ်ဦးနှင့် အတူနေထိုင်လျှင်
- ကာကွယ်ဆေးထိုးနှံမည့်အချိန်၌ နေမကောင်းဖြစ်နေလျှင်

## ကာကွယ်ဆေးထိုးနှံပြီးနောက် စောင့်ရှောက်မှု

ဆေးထိုးသည့်နေရာတွင် နီမြန်းပြီး ရောင်ရမ်းနေနိုင်သည် – အေး၍စိုစွတ်သော အဝတ်ဖြင့် ဖုံးအုပ်ထားပေးပါ။

နာကျင်ကိုက်ခဲမှု၊ ဖျားနာမှု၊ ခေါင်းကိုက်မှု သို့မဟုတ် ပင်ပန်းနွမ်းနယ်မှုအချို့ဖြစ်နိုင်သည်။ ခေါင်းကိုက်မှုနှင့် နာကျင်ကိုက်ခဲမှုအတွက် ပါရာစီတမောကို ဆေးညွှန်းတွင် ညွှန်ကြားထားသည့်အတိုင်း သောက်ပါ။ အကယ်၍ အဖျားဆက်ရှိနေလျှင် ဆရာဝန်နှင့်ပြသပါ။

ကာကွယ်ဆေးများကြောင့် ဖြစ်တတ်သော၊ ဖြစ်ခဲသော ဘေးထွက်ဆိုးကျိုးများအကြောင်း ထပ်ဆောင်းအချက်အလက်များအတက် healthywa.wa.gov.au/immunisation တွင် ဝင်ရောက်ကြည့်ရှုပါ။

ပြင်းထန်သည်ဟု သို့မဟုတ် မမျှော်လင့်ဘဲဖြစ်လာသည်ဟု သင်ယူဆသော ဓာတ်တုံ့ပြန်မှု တစ်ခုရှိလျှင် ဆေးကုသမှုဆိုင်ရာ အကြံဉာဏ်ကို ချက်ချင်းရယူပါ။

ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာသော ဓာတ်မတည့်ခြင်းဆိုးကျိုးတစ်ခုခုကို တင်ပြရမည်ဟု WA ၌ရှိသော ကာကွယ်ဆေးထိုးနှံခြင်း ဝန်ဆောင်မှုပေးသူအားလုံးတို့ကို တရားဥပဒေအရ သတ်မှတ်ပြဌာန်းထားပါသည်။ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာသည့် ပြင်းထန်သောဓာတ်မတည့်ခြင်းတစ်ခုခု နှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများကို မိဘများ တင်ပြနိုင်ပါသည်။ ပို၍သိရှိရန် healthywa.wa.gov.au/WAVSS တွင် ဝင်ကြည့်ပါ သို့မဟုတ် 6456 0208 သို့ ခေါ်ဆိုပါ။

## ကာကွယ်ဆေးထိုးနှံခြင်း မှတ်တမ်းများ

ကာကွယ်ဆေးထိုးနှံပြီးနောက် ကျောင်းသားများသည် မိမိတို့ထိုးယူခဲ့သည့် ကာကွယ်ဆေးများမှတ်တမ်းကို လက်ခံရရှိပါမည်။

ကျောင်းအခြေပြု အစီအစဉ်မှတစ်ဆင့် ထိုးပေးသည့် ကာကွယ်ဆေးများအားလုံးကို ဩစတြေးလျနိုင်ငံ ကာကွယ်ဆေးထိုးနှံမှု မှတ်ပုံတင်ခြင်း (AIR) တွင် မှတ်တမ်းတင်ထားပါသည်။

ကာကွယ်ဆေးထိုးနှံခြင်းများမှာ နောက်ဆုံးပေါ်အပ်ဒိတ်များဖြစ်ကြောင်း စစ်ဆေးနိုင်ရန် AIR ထံမှ သင့်ကလေး၏ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းဖော်ပြချက်များကို သင် ရယူကြည့်ရှုနိုင်ပါသည်။

## ဆက်သွယ်ရန်

**သင်၏ ဒေသတွင်းဆရာဝန်**

**သင်၏ ဒေသတွင်း လူမှုအသိုင်းအဝိုင်း ကျန်းမာရေးစင်တာ၊**
**ဆေးရုံ သို့မဟုတ် အများပြည်သူ ကျန်းမာရေးဌာန**
**healthywa.wa.gov.au/publichealthunits**

***healthdirect Australia***

**ဖုန်း- 1800 022 222**

## ထပ်ဆောင်းသတင်းအချက်အလက်များ

**ကျန်းမာရေးဌာန**
healthywa.wa.gov.au/immunisation

**ဓနသဟာယ ကျန်းမာရေးဌာန**
**1800 671 811 သို့မဟုတ်**
health.gov.au/health-topics/immunisation

HealthyWA
healthywa.wa.gov.au

ဤစာရွက်စာတမ်းကို မသန်စွမ်းသူအတွက် တောင်းဆိုလျှင် အခြားသော ရေးသားပုံစံများဖြင့် ရရှိနိုင်ပါသည်။

**ကူးစက်ပျံ့နှံ့တတ်သောရောဂါ ထိန်းချုပ်ရေး ဦးစီးဌာနက ထုတ်ဝေသည်**
**© ကျန်းမာရေးဌာန 2024**

တစ်နည်းအားဖြင့် ညွှန်ပြထားခြင်းမရှိပါက ဤစာရွက်စာတမ်း၏ မူပိုင်ခွင့်ကို အနောက်ဩစတြေးလျပြည်နယ်တွင် အပ်နှင်းထားပါသည်။ မူပိုင်ခွင့် အက်ဥပဒေ 1968 ၏ ပြဋ္ဌာန်းချက်အရ ခွင့်ပြုထားသည့်အတိုင်း ပုဂ္ဂလိကလေ့လာမှု၊ သုတေသန၊ ဝေဖန်ရေး သို့မဟုတ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် တရားဝင်မျှတသော လုပ်ကိုင်မှုမှအပ မည်သည့်အစိတ်အပိုင်းကိုမဆို မည်သည့်ရည်ရွယ်ချက်များအတွက်ဖြစ်စေ အနောက်ဩစတြေးလျပြည်နယ်၏ ရေးသားခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေမှု သို့မဟုတ် ပြန်အသုံးချမှု မလုပ်နိုင်ပါ။

IMM-013031 JAN'24